> [မြန်မာ] [ဘားမား] [?]
> ဧပြီလ ၁၃ ရက်၊ ၂၀၂၂ ဗုဒ္ဓဟူး
> တန်ခူးလဆန်း ၁၃ ရက်၊ မြန်မာသက္ကရာဇ် ၁၃၈၃

School of Arts ကြေငြာစာတမ်း ဆောင်ပုဒ်

# မီးစင်ကြည့် "က"

– ကြိုတင်ပြင်ဆင်ထားခြင်းမဟုတ်ပဲ အခြေအနေအရ ဖြေရှင်းခြင်း

| မီးစင် | ကြည့် | "က" |
| --- | --- | --- |
| မီး<br>မီးစင် | ကြည့်၊ စောင့်ကြည့်အကဲခတ် | လုပ်၊ ပြု၊ က |

မီးစင်ကို ကြည့်ပြီးက။
ထိန်းချုပ်မရတဲ့ အမြဲပြောင်းလဲနေတဲ့
အခြေအနေအကြား
အဲ့မီးကိုကြည့်
ဒီဇာတ်ကို အလှဆုံး ကမယ်။

ဒါဟာ အံ့သြလောက်အောင်
အလုပ်မဖြစ်နိုင်တဲ့ အခြေအနေတွေကြား
ပေါ်ပေါက်လာတဲ့
[အနုပညာ][အတ် |Art][?]
ကျောင်းရဲ့ ဆောင်ပုဒ်ပဲ။



အရာရာအားလုံးကို မေးခွန်းထုတ်ခဲ့သော အရေးတော်ပုံတစ်ခု –

နောက်ခံပိတ်ကား

ဗုဒ္ဓ

အမုန်း

[အနုပညာ][အတ်|Art][?]

မေတ္တာ

လူသားဆန်မှု

[ဘာသာရေး|religion][?]

ဥပဒေ

တရားဟောမှု

အခွင့်အရေး

အာဏာ

သမိုင်း


[ဂျန်းဒါး][လိင်]

[လိင်တိမ်းညွတ်မှု|gender][?]

ဖွံ့ဖြိုးတိုးတက်မှု

[အယ်ကယ်ဒီးမီးယား|academia][ပညာရေး][?]

[အဖွဲ့အစည်း][အင်စတီကျူးရှင်း|institution][?]



နိုင်ငံရေး

[နိုင်ငံ|Nation][?]

စည်းလုံးခြင်း

ဇီဝလပ္ပလိ

ဝါဒဖြန့်ချီရေး

အမုန်တရား

တော်လှန်ရေး…

[ယဉ်ကျေးမှု|culture][လူမှုထုံးစဉ်][?]

၂၀၂၁ ဖေဖော်ဝါရီလ ၁ ရက်နေ့။
[မြန်မာ] [ဘားမား][?] ဟာ
ပြောင်းပြန်လန်ခဲ့တယ်။
ဒါကြီးပြီးရင် ဒီ [¿][ ၃ ၃နှ ] ကို ဘယ်လိုခေါ်ကြမလဲ။

ညခွေးဆွဲ၊ မီးရှို့ ဗုံး၊ သေနတ်၊ ဖမ်းဆီး၊ နှိပ်စက်၊ သတ်၊
သေ၊ ကိုဗစ်၊ အောက်စီဂျင်၊ အင်တာနက်ဖြတ်၊ မီးဖြတ်။
ဒီနေ့ဟာ မနက်ဖြန်နဲ့ မတူ။
မနက်ဖြန်ဟာ ဒီနေ့နဲ့ မတူ။
တစ်ရက်ချင်းအသက်ဆက်။

ရှေ့ကို။

မီးစင်ကြည့်က။

ဝင်ခြင်း

[အနုပညာ][အတ် |Art][?] ကျောင်းသည် လက်ရှိတွင် SUM၊ ဝိဇ္ဇာနှင့် လူမှုသိပ္ပံဌာန အောက်တွင်တည်ရှိသည်။

SUM ဟာ ကြားဖြတ်ပညာရေးကို အဓိက လမ်းကြောင်းပေးနေသော ပညာရေးအဖွဲ့အစည်းတစ်ခု ဖြစ်သည်။ လက်ရှိအရေးတော်ပုံကို အထောက်အပံ့ ပြုရန်နှင့် [မြန်မာ][ဘားမား][?] ရဲ့ပညာရေးစနစ်ကို [ပြန်လည်] စမ်းစစ်၊ [ပြန်လည်]စိတ်ကူးလိုသော ရည်ရွယ်ချက်များဖြင့် နိုင်ငံရဲ့ လူငယ်တစ်စုက တည်ထောင်ထားခြင်းဖြစ်သည်။ လက်ရှိ တက္ကသိုလ်သည် အွန်လိုင်းတွင်တည်ရှိပြီး ဝန်ထမ်းများကလည်း နာမည်ဝှက်များဖြင့် ဆက်လက်လည်ပတ်လျက်ရှိသည်။

SUM အောက်တွင်ရှိသော ကျောင်းဌာနတွေအားလုံးဟာ ကိုယ်ပိုင်လွတ်လပ်ခွင့်ရှိသည်။ [အနုပညာ][အတ် |Art][?] ကျောင်းတွင်လည်း တင်းကျပ်သော အုပ်ချုပ်ရေးပုံစံများမရှိပါ။

[အနုပညာ][အတ် |Art][?] ကျောင်းဟာ ကြိုခန့်မှန်း ထိန်းချုပ်လို့မရသော မီးတောက်များဖြစ်သည့် လူမှုရေး–နိုင်ငံရေးဖောက်ပြန်ပြောင်းလဲမှုများကို အမြဲတစေ စောင့်ကြည့်အကဲခတ်ကာ စမ်းသပ်စူးစမ်းခြင်း၊ ဖြစ်လာသည့်အခြေအနေအရ ရဲရင့်စွာဖြေရှင်းခြင်း သဘောတို့ကို ယုံကြည်စွာ လက်ခံကျင့်ကြံသည်။

SUM တက္ကသိုလ်ဟာလည်း ယခုကဲ့သို့စမ်းသပ်ခြင်း သဘောတန်သော နေရာတစ်ခုရှိခြင်း၏ အရေးကြီးပုံကို နားလည်သည်။ လက်ရှိတွင် [အနုပညာ][အတ် |Art][?] ကျောင်းဟာ ကျွန်ုပ်တို့ ထိတွေ့နေသော အဓိပ္ပာယ်ဖွင့်ဆိုချက်များနှင့် စနစ်များသည် ပုံသေအကွက်မဲ့ မှန်ကန်ခြင်းမဟုတ်ကြောင်း သတိပေးတည်ရှိချက်ရှိသည်။

# ကြေငြာ စာတမ်း

ကြေငြာချက် (၀.၀)

၀.၁။ SOA သည် "အနုပညာ" ဟူသည် ၄င်းဖန်တီးမှု၏ လူမှုရေး၊ နိုင်ငံရေးနှင့် စီးပွားရေး အခြေအနေများကို ထင်ဟပ်စေသော [ယဉ်ကျေးမှု] [လူမှုထုံးစဉ်] [?] တည်ဆောက်မှုတစ်ခုဟု အခိုင်အမာ ယုံကြည်သည်။

၀.၂။ SOA သည် [အနုပညာရှင်] [အားတစ်|Artist] [?]၊ [ပညာရှင်|Academic|Scholar] [?]၊ ဘာသာရပ်တစ်မျိုးထပ် ပိုသောလေ့လာမှုများနှင့် အတွေးအခေါ်များကို သင်ယူခြင်း၊ မျှဝေခြင်းနှင့် စူးစမ်းလေ့လာခြင်းတို့ကို ပြုလုပ်နိုင်သော လုံခြုံသောနေရာတစ်ခုဖြစ်သည်။

၀.၃။ SOA သည် ကောင်းမွန်သော [အနုပညာ ဂေဟစနစ်|Art World] [?] တစ်ခု လည်ပတ်နိုင်စေရန် အနုပညာရှင်နှင့် ဖန်တီးတည်ထွင်သူများသာမက တာဝန်သိတတ်သော၊ လေးစားထိုက်သော [ကြည့်ရှုသူပရိတ်သတ်|Audience] [?] တို့ကိုပါ အထောက်အပံ့ပြုလိုသော နေရာတစ်ခုဖြစ်သည်။

၀.၄။ SOA သည် ဗမာ ဗုဒ္ဓဘာသာလူမျိုးကြီးဝါဒ၊ အနောက်တိုင်းလူဖြူဗဟိုပြု အတွေးအခေါ်များအပါအဝင် အတွေးအခေါ်အယူအဆ အစွန်းရောက်မှုပုံစံမှန်သမျှကို ဆန့်ကျင်သည်။

၀.၅။ SOA သည် အခြေခံအားဖြင့် သမားရိုးကျ အနုပညာနှင့် စာပေလေ့လာမှုများသာမက ပိုမိုစမ်းသပ်ခြင်းသဘောဆန်သည့် avant-garde [အနုပညာ] [အတ်|Art] [?] စာပေတို့ကိုပါ လေ့လာစူးစမ်းနိုင်သော နေရာတစ်ခုဖြစ်သည်။

ကြေငြာချက် (၁.၀)

၁.၁။ ကျွန်ုပ်တို့ဟာ အချင်းချင်းဆန့်ကျင်နေသော သဘောတရားများနှင့် တည်ဆောက်ထားတဲ့ ကမ္ဘာကြီးတွင် နေထိုင်ကြသည်။ [အနုပညာ] [အတ်|Art] [?] ဟာ ဒီဆန့်ကျင်ဘက်များကို ဖော်ထုတ်နိုင်သော [ကွန်းဆက်| Concept] [သဘောတရား] [?] တစ်ခုဖြစ်သည်။

သဘောတရားနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်အားလုံးတွင် အချိန်သတ်မှတ်ချက်များ ရှိသည်။ သတ်မှတ်ချိန်ကျော်လွန်ပါက သဘောတရားနှင့် အဓိပ္ပာယ်တွေကို ပြန်မေးခွန်းထုတ်ဖို့လိုသည်။ ယခု [အနုပညာ] [အတ်|Art] [?] နှင့် ယခင် [အနုပညာ] [အတ်|Art] [?] မတူတော့ပါ။

၁.၂။ "ငါတို့နောက်ကျနေတယ်။"
"[မြန်မာ] [ဘားမား] [?] ကို မော်ဒန်ရောက်တာ နောက်ကျခဲ့တယ်။"
"အမှီလိုက်ရဦးမယ်။"

ကျွန်ုပ်တို့ဟာ ဘယ်သူဘယ်ဝါနဲ့ လိုက်လိုက်ယှဉ်ပြီး နောက်ကျနေတာလဲ။ စိတ်ကူးယဉ် "နိုင်ငံတကာ" စံနှုန်းတွေ တော်လောက်ပြီ။

ကြေငြာချက် (၁.၀)

လက်တွေ့မဆန် လက်ရှိအခြေအနေနဲ့ မကိုက်တဲ့ မော်ဒန် / [အနုပညာ] [အတ်|Art] [?] မျှော်မှန်းချက်များ ဂျောင်း။ ဂျောင်း ဂျောင်း


ဒါဟာ ကျွန်ုပ်တို့ အခြေအနေမှန်နှင့် ကိုက်ညီသော [အနုပညာ] [အတ်|Art] [?] ၊ သမိုင်း၊ သီအိုရီတို့ကို ရှာဖွေထူထောင်ရန် လှုံ့ဆော်ခြင်းဖြစ်သည်။

၁.၃။ ကျွန်ုပ်တို့ရဲ့ လူ့အဖွဲ့အစည်း သဏ္ဌာန်တွေဟာ ဆန့်ကျင်ဘက် ဝင်ရိုးစွန်းပုံစံများမဟုတ်။ တြိဂံ၊ စက်ဝိုင်း၊ လေးထောင့်၊ အသည်းပုံများဖြစ်သည်။
အဖြေနှစ်ခုသာရှိခြင်း
"အမှား" (သို့) "အမှန်"
"ဒီဟာ မဟုတ်ရင် ဟိုဟာ ဖြစ်ကိုဖြစ်ရမယ်"
"ဒီဟာ ရဖို့အတွက် ဟိုဟာ စွန့်လွှတ်ရမယ်" ဆိုတဲ့ သဘောတရားကြီးကို ဖျက်သိမ်းမည်။

၁.၄။ [အနုပညာ] [အတ်|Art] [?] မှတစ်ဆင့် တင်ပြသည့် တန်ဖိုး သဘောတရာများနှင့် [အနုပညာရှင်] [အားတစ်|Artist] [?] ကိုယ်တိုင် လက်တွေ့ဘဝမှာ ကျင့်သုံးသော တန်ဖိုးသဘောတရားတို့ ကွဲလွဲနေမှုများကို ရှက်ရင် ရပ်သင့်ပြီ။

၁.၅။ [အနုပညာ ကမ္ဘာကြီး|Art World] [လောက] [?] သည် ဂေဟစနစ်တစ်ခုဖြစ်သည်။ ဒ့ါကြောင့် ဒီဂေဟလောကမှာ ပါဝင်တဲ့ ကာရိုက်တာအားလုံး
[အနုပညာရှင်] [အားတစ်|Artist] [?]၊
[အနုပညာသမိုင်းပညာရှင်|Art Historian] [?]၊
[ကျူရေတာ|Curator] [?]၊
[အနုပညာ စာရေးသူ|Art Writer] [?]၊
[သတင်းထောက်|Journalist] [?]၊
[ပြခန်းမှူး|Gallerist] [?]၊
[စုဆောင်းသူ|Collector] [?]၊
[အနုပညာပစ္စည်း ကိုင်တွယ်သူ|Art Handler] [?]၊
လုံခြုံရေး၊
[ကြည့်ရှုသူပရိတ်သတ်|Audience] [?] နှင့် အခြားအခြားသော [အနုပညာ] [အတ်|Art] [?] ကို မိမိသဘောတရား အသီးသီးအရ နားလည်သူ မည်သူမဆိုသည် ဒီဂေဟစနစ်ကြီး ဟန်ချက်ညီညီလည်ပတ်နိုင်ရေးအတွက် အရေးကြီးသည်။

၁.၆။ [အနုပညာ] [အတ်|Art] [?]၊ [ယဉ်ကျေးမှု] [?]၊ သုတေသနရဲ့ အရေးပါမှုကို နားမလည်အားမပေးသော တိုင်းပြည်သည် ထာဝရ ယုံကြည်ချက်မရှိ အောက်ကျို့နေလိမ့်မည်။ ဒါဟာနောက်ဖြစ်လာမယ့် [မြန်မာ] [ဘားမား] [?] အသစ်မှာ [အနုပညာရှင်] [အားတစ်|Artist] [?]၊ တွေးခေါ်သူ၊ ပညာရှင်တို့ အတွက် ထိုက်တန်တဲ့နေရာပေးရန် တောင်းယူခြင်းဖြစ်သည်။



ကျည်၊ ဖုံး၊ သေ၊ ပျက် တဲ့ကြား။
[အနုပညာ][အတ်|Art][?]
အခု။
ဘာကြောင့်။

အရာမဝင်တဲ့မေးခွန်း
ဒါဟာ [အနုပညာ][အတ်|Art][?]
နဲ့[ယဉ်ကျေးမှု][?]ဟာ လူ့အဖွဲ့အစည်းရဲ့
 နောက်ဆက်တွဲ အပိုအပိုင်းအစဟု
ထင်ယောင်ထင်မှားဖြစ်နေခြင်း။

[အနုပညာ][အတ်|Art][?] ဟာ မ "နု" ဘူး။
[အနုပညာ][အတ်|Art][?] ဟာ အပြစ်မဲ့ လို့ထင်နေသေးရင်
အန္တရာယ်များမယ်။
[အနုပညာ][အတ်|Art][?] ဟာ ဖျော်ဖြေရေးထက်ပိုတယ်။

[အနုပညာ][အတ်|Art][?] ဟာ လူမှုလုပ်လို့ရတယ်။
ဒါကြောင့် ရောင်ပြန်။ အကြပ်ရိုက်အချိန်မှာ ရောင်ပြန်သုံးသပ်ဖို့
အရေးကြီးတယ်။ ငါတို့က ဘယ်သူ၊ ဘယ်ဝါ၊ ဘယ်သွားနေလဲ မမေ့ဖို့။

တီထွင်ဖန်တီးနိုင်စွမ်း ∝ လွတ်လပ်ခြင်းဟာ [စ]တလွဲအီကွေးရှင်း
ဒီမှာ မလွတ်လပ်ခြင်းကြားက [အနုပညာ][အတ်|Art][?] တည်မြဲပုံ
ဇာတ်လမ်းတစ်ပုဒ်။

ဒီဇာတ်လမ်းက တဒင်္ဂလား၊ ထာဝရလား မသေချာ
မီးစင်ပေါ်မှုတည်တယ်။
မနက်ဖြန် မီးရောင်တွေပြောင်းကောင်းပြောင်းမယ်။

ဒါမဲ့ ဒီဇာတ်လမ်းကိုတော့ ဆက်ပြောသင့်တယ်။
ဒီအကကို လက်ခုပ်တီးပါ။

ဒီနေ့ဟာ မနက်ဖြန်နဲ့မတူ။
မနက်ဖြန်ဟာ ဒီနေ့နဲ့မတူ။
တစ်ရက်ချင်း အသက်ဆက်။
ရှေ့ကို။

မီးစင်ကြည့်က။

**ပြီး**